# Smart Navigator Training Manual

## ကျွမ်းကျင်သောလမ်းပြ သင်တန်းလမ်းညွှန် စာအုပ်




## Part C

The Vanguard Series

# အပိုင်း(၃)

# ဦးဆောင်မှု

# အရည်အချင်းများ



# အခန်း (၅) လူငယ်များနှင့် ဆက်ဆံခြင်း

## ရည်ရွယ်ချက်

ပါဝင်သူများသည် လူငယ်များ၏ ဖွံ့ဖြိုးမှု၊ ရင်းနှီးမှု တည်ဆောက်ခြင်းနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအတွက် သူတို့၏ ကိုယ်ပိုင် ကန့်သတ်ချက်များအား သိရှိခြင်းသည် အရေးပါကြောင်း လေ့လာရပါမည်။

## အချိန်

မိနစ် ၃၀

## အထောက်အပံ့များ

- ပါဝင်သူ တစ်ဦးချင်းစီအတွက် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)မိတ္တူ တစ်စုံစီ
- အောက်ပါ မိတ္တူ တစ်စုံစီ
  - » IS 5a ဖြစ်စဉ်လေ့လာခြင်း၊ စာရွက် ၁
  - » IS 5b ဖြစ်စဉ်လေ့လာခြင်း၊ ပါဝင်သူတစ်ဦးချင်းစီအတွက် စာရွက် ၂ စီ

## ပါဝင်သူများ

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တစ်ခုစီအတွက် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူကြီးဦးဆောင်သူ ၂-၃ဦး

## ဦးဆောင်သူများ

လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းမှကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ သင်တန်းတက်ရောက်ထားသော ဝေါလ်ဗီရှင်နိုင်ငံ ဝန်ထမ်းများ

## ညွှန်ကြားချက်- ဖွံ့ဖြိုးရေး၊ ကန့်သတ်ချက်များနှင့် ဆက်ဆံရေး

အုပ်စုတွင်း အောက်ပါအပိုင်းအား ဖတ်ပြပါ။ သင်ဖတ်ပြနေစဉ်တစ်လျှောက်အတွင်း ပါဝင်သူများအား မေးခွန်းမေးမြန်းပါစေ။

### ဆက်ကျော်သက်လူငယ်များ၏ ဖွံ့ဖြိုးရေးအား နားလည်ခြင်း

ဆယ်ကျော်သက်များသည် အသက် ၁၂ မှ ၁၇ နှစ်အတွင်း ကြီးမားသော ပြောင်းလဲမှုနှင့် ကြုံတွေ့ရကြောင်း ရှင်းလင်းပြပေးပါ။ ခန္ဓာကိုယ်ပြောင်းလဲလာသည်နှင့်အမျှ ယင်းပြောင်းလဲမှုနှင့် ကိုက်ညီသည့် စိတ်ခံစားမှုများလည်း ပြောင်းလဲလာမည်ဖြစ်သည်။ တစ်နေ့တည်းဖြင့် ပျော်ရွှင်လိုက်၊ အလွန်တရာ ဝမ်းနည်းလိုက်၊ နောက်တစ်နေ့တွင် ချစ်တတ်လိုက်ဖြင့် ဖြစ်နေနိုင်သည်။ ဆယ်ကျော်သက်များသည် ၎င်းတို့ဘဝများတွင် တာဝန်ယူမှုများအတွက် ကြိုတင်ပြင်ဆင်ရမည်ဖြစ်သောကြောင့် ရှုပ်ထွေးသော အတွေ့အကြုံများအား ကြုံတွေ့ရမည် ဖြစ်သည်။ ချစ်သူတွေ့ချိန် သို့မဟုတ် သူတို့မိသားစုတည်ထောင်ချင်လျှင် သူတို့သည် သူတို့ကိုယ်တိုင် ရပ်တည်ချင်ကြပြီး ယင်းသို့ပြုလုပ်ရန် စိတ်ပူပင်ကြသည်။ ဆယ်ကျော်သက်ဘဝအစသည် စိတ်ရှုပ်စရာ ကောင်းလှပါသည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူကောင်းတစ်ဦးအနေဖြင့် ဆယ်ကျော်သက်လူငယ်များ၏ ပြင်းထန်သော စိတ်ခံစားမှုများနှင့် မစဉ်းစား မရယ်မောဘဲ နားထောင်ခြင်းတို့အား နားလည်ရပါမည်။

## ရင်းနီးမှု တည်ဆောက်ခြင်း

ပါဝင်သူများအား သူတို့၏ ကျောင်းနေဘဝအား ပြန်လည်တွေးခိုင်းပါ။ သူတို့ကြိုက်နှစ်သက်သည့် ဆရာရှိသလား ဟုမေးပါ။ သူလေ့လာနေစဉ်အတွင်း သူ့အပေါ်တွင် ယနေ့အထိတိုင် အကောင်းမြင်စိတ်ရှိပေးသည့် ဆရာရှိသလားဟု မေးပါ။ ပါဝင်သူများအား မျက်စိမှိတ်ထားပြီး ယင်းဆရာအကြောင်း စဉ်းစားစေပါ။

ယခု ပါဝင်သူများနှင့်ဆရာကြား ရင်းနီးမှု ရှိစေပါ။ ကောင်းမွန်စွာသင်ကြားခြင်းသည် အကြောင်းအရာအား သိရှိစေရုံမက၊ ရင်းနီးမှုကိုလည်း ကောင်းစွာ တည်ဆောက်စေနိုင်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများမှ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏ အဖွဲ့ဝင်တိုင်းရှိ ကြိုက်နှစ်သက်သည့်အရာအား ရှာဖွေခိုင်းပါ။ဦးဆောင်သူများသည် လူငယ်များ၏ မိသားစုများနှင့် ၎င်းတို့၏ သူငယ်ချင်း အမည်များအား မှတ်မိရန် လေ့လာကြိုးစားပါ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် အခန်းတစ်ခုပြီးတိုင်း အချိန် (၁၀)မိနစ်ယူပြီး ပြန်လည်ရှင်းပြပါ၊ လူငယ်များအား ယင်းအချိန်တွင် ဦးဆောင်သူများနှင့် ဆန္ဒရှိသလို ဆွေးနွေးနိုင်ကြောင်း အသိပေးထားပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူများ စိတ်ခါတ်ကျနေပါက၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများအနေဖြင့် သူ သို့မဟုတ် သူမသည် စကားပြောချင်မလားဟု မေးမြန်းသင့်သည်။ ကလေးသူငယ်ကာကွယ်ရေး စည်းကမ်းအရ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လူငယ်နှင့် အခန်းတစ်ခုတွင်း မနေသင့်ကြောင်း သတိရှိရမည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် မည်သူမျှ မကြားနိုင်သည့်နေရာတွင် စကားပြောဆိုနိုင်သည်၊ သို့သော် ၎င်းတို့အား အခြားတစ်ဦးမှ မြင်နေစေရမည်။

အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးမလာတော့ပါက၊ ဦးဆောင်သူမှ ၎င်းသူငယ်ချင်းများအား ယင်းအဖွဲ့ဝင်အဆင်ပြေရဲ့လားကို မေးမြန်းသင့်သည်။ ဖြစ်နိုင်လျှင်၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် လူငယ်နေအိမ်အား သွားရောက်ပြီး မလာသည့်အကြောင်းစုံစမ်းရမည်။

## သင်တန်းကန့်သတ်ချက်များအား သိရှိခြင်း

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအား ၎င်းတို့၏ ကန့်သတ်ချက်များကိုမိမိကိုယ်တိုင်သိရှိရပါမည်။ ယင်းအဓိပ္ပါယ်မှာ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူအနေဖြင့် သူတို့ကိုယ်တိုင် မဖြေရှင်းနိုင်သည့်အရာများအား သိရှိထားရမည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လူငယ်များအား သူတို့ဘဝနှင့် လုံခြုံစွာရွှေ့ပြောင်းသွားလာနိုင်စေရန် ကူညီပေးရမည်။ သို့သော်လည်း ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအနေဖြင့် အရာအားလုံးကိုမလုပ်ဆောင်နိုင်ပါ။
အောက်တွင် အကူအညီရစေရန် အချက်များ ပြသထားပါသည်။

- ဆရာဝန်တစ်ဦးကဲ့သို့ လုပ်ဆောင်ရန်မကြိုးစားပါနှင့်၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်တစ်ဦး နေမကောင်းဖြစ်ပါက ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူအနေဖြင့် ဆရာဝန်ထံသို့ ညွှန်းပို့ပေးပြီး ဆေးဝါးနှင့်ပါတ်သတ်သော အကြံဉာဏ် မပေးရပါ။
- သူတို့၏ မိဘကဲ့သို့မပြုမူပါနှင့်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်သည် အိမ်ရာမဲ့ဖြစ်လျှင်၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူအနေဖြင့် NGO မှ လူတစ်ဦးထံသို့ လွှဲပြောင်းပေးနိုင်ပါသည်၊ သို့သော် ဦးဆောင်သူအိမ်သို့ မခေါ်လာပါနှင့်။
- ရဲတစ်ဦးကဲ့သို့မကြိုးစားပါနှင့်။ လူငယ်သည် အခြားလူတစ်ဦးကြောင့်သော်၎င်း၊ မိဘကြောင့်သော်၎င်း ဒဏ်ရာ ရရှိပါက ယင်းနေ့တွင်ပင် ဝေါလ်ဗီရှင်ကြီးကြပ်သူအား ခေါ်ပြီးနောက် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) တွင်ပါဝင်သည့် တုန့်ပြန်အစီအစဉ်အတိုင်း လုပ်ဆောင်ပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် ၎င်းမိသားစုထံသို့ တစ်ဦးထဲ မသွားသင့်ပါ။

- ပညာရှင် ဆန်ပါစေ။ လူငယ်နှင့် ရင်းနှီးစွာနေပါ သို့သော် ပညာရှင်ဆန်ပါစေ။ ဥပမာ-ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူအနေဖြင့် လူငယ်အား ၎င်းတို့အချစ်ရေးအကြောင်း မပြောသင့်ပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဝင်များ နှင့် အုပ်စုတစ်ဖွဲ့တည်း ရင်းနှီးခြင်းသည် ကောင်းသော်လည်း လူလွတ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဝင်တစ်ဦးတည်းနှင့် အပြင်တူတူ မထွက်ပါနှင့်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် သူငယ်ချင်းနှင့်စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်နေရမည်ကို မှတ်သားထားပါ။
- သင့်ဗဟုသုတ၏ ကန့်သတ်ချက်များအား သတိထားပါ။ ဆရာကောင်း တစ်ယောက်အနေဖြင့်'ဤအချက်တော့ အဖြေမသိသေးပေမယ့် ရှာပေးပါ့မယ်' ပြောလေ့ရှိပါသည်။ အကယ်၍ လူငယ်ပါဝင်သူမှ ဦးဆောင်သူအား မေးခွန်းမေးသည့်အခါ မဖြေဆိုနိုင်ပါက၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် ရိုးသားစွာဖြင့် သူအဖြေမသိရှိကြောင်း ပြောရမည်။ ဦးဆောင်သူသည် သိသူအား မေးမြန်းခြင်း သို့မဟုတ် အင်တာနက်တွင် အဖြေရှာခြင်း ပြုလုပ်သင့်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် လူငယ်များအား တိကျသောအဖြေအား ပေးနိုင်ပြီး သူတော်သန မည်သို့ပြုလုပ်ရမည်ကို သိရှိလာနိုင်သည်။

## လုပ်ငန်းစဉ်- လူငယ်အား နားလည်ပေးခြင်း

အဖွဲ့ဝင်များအား ၆-၈ဦးအထိ အုပ်စုများ ဖွဲ့ပေးလိုက်ပါ။ 'IS 5a ဖြစ်စဉ်လေ့လာခြင်း၊ စာရွက်(၁) ' နှင့် အဖွဲ့ဝင်များအား ဖြစ်စဉ်တစ်ခုစီလေ့လာစေပြီးနောက် ယင်းဖြစ်စဉ်များသည် သူတို့အား ဘယ်လိုခံစားစေသလဲ မေးမြန်းပါ။

(၁၀)မိနစ်ခန့်ကြာပြီးနောက်၊ ၎င်းတို့အား 'IS 5b ဖြစ်စဉ်လေ့လာခြင်း၊ စာရွက်၂' အား ထပ်မံပေးလိုက်ပြီး ယင်းဖြစ်စဉ်များသည် လူငယ်များ၏ နောက်ကွယ်မှ ဘဝများအကြောင်းဖြစ်ကြောင်း ရှင်းလင်းပြပါ။ သူတို့ဖတ်နေစဉ် အောက်ပါ မေးခွန်းများအား မေးမြန်းပါ။

- ယင်းလူငယ်များအား မည်သို့ ကူညီနိုင်မလဲ။
- ယင်းလူငယ်များနှင့် အလုပ်တွဲလုပ်ရာတွင် ပိုမိုလွယ်ကူရန် ဘာလုပ်နိုင်မလဲ။

### အခန်း အနှစ်ချုပ်

- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လူငယ်များ၏ အတွေ့အကြုံနှင့် ပြင်းထန်သောစိတ်ခံစားမှုများအား နားလည်ပေးပြီး ယင်းတို့သည် ၎င်းတို့၏ ဖွံ့ဖြိုးမှု အစိတ်အပိုင်းဖြစ်ကြောင်း သိရှိရမည်။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လူငယ်များနှင့် အကောင်းမြင်သော ရင်းနှီးမှု တည်ဆောက်ရမည်ဖြစ်ပြီး အတူတကွ လေ့လာကာ ပုံမှန် တက်ရောက်စေရမည်။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် သူတို့၏ကိုယ်ပိုင်ကန့်သတ်ချက်များအား သိရှိရမည်ဖြစ်ပြီး-
  - » ဆေးပညာ အကြံဉာဏ် မပေးရန်
  - » လူငယ်အား အိမ်သို့ မခေါ်ရန်
  - » လူငယ်မှ လွဲမှားစွာ ပြုကျင့်ခံရကြောင်း တင်ပြလာပါက တုံ့ပြန်အစီအစဉ်ကို လိုက်နာရန်
  - » ပညာရှိ ဆန်ရန်
  - » မေးခွန်းအဖြေကိုမသိပါက ရိုးသားမှုရှိရန်

## IS 5a  ဖြစ်စဉ် လေ့လာခြင်း၊ စာရွက် ၁

A သည် လူငယ်အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သူသည် အရပ်ရှည်ပြီး အခြားသူများအား အနိုင်ကျင့်တတ်သည်။ သူသည် အခြားလူငယ်များအား ကျယ်လောင်စွာ ခြိမ်းခြောက်ပြောဆိုတတ်သည်။ သူသည် အမြဲစိတ်ဆိုးနေတတ်သည်။ သူနှင့် အလုပ်တွဲလုပ်ရန် အဆင်မပြေချေ။

B သည် ဆယ်ကျော်သက်လူငယ် ကောင်မလေးတစ်ဦး ဖြစ်သည်။ တစ်ခါတစ်ရံတွင် သူမသည် အဖွဲ့တွင် လာပါဝင်လေ့ရှိသည်၊ သို့သော် အချိန်အများစုအား သူမ မှတ်စုတွင် ပုံဆွဲခြင်းဖြင့်သာ အချိန်ကုန်လေ့ရှိသည်။ သူမကြည့်ရတာ ပြောစကားနားထောင်မည့်ပုံလဲမရှိ၊ သူမ ပုံဆွဲနေပြီး လေးစားမှုမရှိဘူးလို. သင်ထင်နေတယ်။ တစ်ခါတစ်ရံမှာ သူမ လုံးဝမလာတော့သောကြောင့် သင့်ကို စိတ်ဆိုးစေတယ်။

M ကတော့ လူပျော်ပဲ။ သူက ဘယ်အရာကိုမှ အလေးအနက်မထားဘူး။ သူက အုပ်စုနောက်ဆုံးမှာ နေလေ့ရှိပြီး လုပ်ငန်းစဉ်တွေလုပ်ရင် ခပ်အေးအေးနေတယ်။ မိန်းကလေးတိုင်းနဲ့ ရှုပ်တယ်။ သူက သင့်ကို အခြား လူငယ်များက လှောင်ရယ်အောင်လုပ်တယ်။ နောက်ဆုံးတော့ သင့်ကို အတော်စိတ်ရှုပ်စေတယ်။

## IS 5b  ဖြစ်စဉ် လေ့လာခြင်း၊ စာရွက် ၂

A က စာနဲ့နဲပဲ ဖတ်တတ်တာ ဖုံးကွယ်ထားတယ်။ မိဘကို ကူညီဖို့ ကျောင်းခဏခဏ ပြေးတယ်။ သူက အခြားလူငယ်တွေသူ စာမဖတ်တတ်တာ သိသွားပြီး လှောင်မှာစိုးတယ်။ သူ့အဖေက အရက်သမား ပြီးတော့ သူသောက်လာတိုင်း ရိုက်တယ်။ A က သူ့အဖေ သူ့ကိုရိုက်တိုင်းခံနိုင်ရည်ရှိအောင်ကြိုးစားပြီး အခြားသူတွေ သူ့ကိုမခြိမ်းခြောက်မီ သူက ဦးအောင် လုပ်တယ်။

B ကတော့ မြီးကောင်ပေါက်အရွယ်ဖြစ်ပြီး စိတ်တွေပျံ့လွင့်နေတယ်။သူမ ကြိုက်တဲ့ကောင်လေးတစ်ယောက် အဖွဲ့ထဲမှာရှိနေပြီး သူက သူမကို လျစ်လျူရှုထားတယ်။ သူမ သူငယ်ချင်းနဲ့ သူကြိုက်တဲ့ကောင်လေး ကြိုက်နေကြောင်း သိလိုက်ရတဲ့အချိန်မှာ သူမ ဝမ်းနည်းပက်လက်ဖြစ်နေရတယ်။ သူမ မိသားစု သို့မဟုတ် အခြားသူငယ်ချင်းတွေကို ဒီအကြောင်း ပြောမပြချင်ဘူး။ သူမသည် ညတစ်ညမှာ မြစ်ဘေးသွားပြီး ရေထဲခုန်ချပြီးသေကြောင်းကြံရန် စဉ်းစားခဲ့ဖူးတယ်။

M ရဲ့မိသားစုများကတော့ ဆင်းရဲရှာတယ်။ ပြီးတော့ ရှိတဲ့သူ့အကိုကြီးများကလည်း ရွှေ့ပြောင်းသွားခဲ့တယ်။ သူတို့ထံမှ ဘာအကြောင်းမှမကြားရ၍ သူတို့သည် ထိုင်းက ငါးဖမ်းသင်္ဘောမှာ အလုပ်လုပ်တာကို ကြောက်နေခဲ့တယ်။ သူက သင့်အကြံဉာဏ်ကိုလိုချင်နေခဲ့ပေမယ့် သူမိဘက ဆင်းရဲပြီး သူ့မှာထိန်းချုပ်တာမရှိလို့ ကြောက်နေမိတယ်။ ဒ့ါကြောင့် သူက မင်းပြောသမျှကို ရယ်စရာတွေလုပ်ပြီး စိတ်ဖြေတယ်။

# အခန်း (၆) ဦးဆောင်မှု စွမ်းရည်များ လူငယ်များနှင့် အလုပ်လုပ်ခြင်း

## ရည်ရွယ်ချက်

ပါဝင်သူများသည် လူငယ်များနှင့် အလုပ်လုပ်ခြင်းအတွက် ဦးဆောင်မှုစွမ်းရည်များကို သင်ယူ လေ့ကျင့်ကြလိမ့်မည်။ ပါဝင်သူများသည် သူတို့၏ ကိုယ်ပိုင်ဘဝများတွင် တိကျသော ပြုမူဆောင်ရွက်ချက်များကို သူတို့ မည်ကဲ့သို့ ပြောင်းလဲခဲ့ကြသလဲပေါ် ရောင်ပြန်ဟပ်နေလိမ့်မည်။

## အချိန်

၃၀ မိနစ်

## အထောက်အပံ့ပစ္စည်းများ

- ပါဝင်သူ တစ်ယောက်စီအတွက် 'IS 6a တင်ပြပုံတင်ပြချက် ကျွမ်းကျင်မှုများ' မိတ္တူတစ်စုံစီ
- ပါဝင်သူ တစ်ယောက်စီအတွက် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) မိတ္တူတစ်ခုစီ

## ပါဝင်သူများ

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တစ်ခုစီအတွက် လူကြီး ဦးဆောင်သူများ ၂ ယောက်မှ ၃ ယောက်

## ဦးဆောင်သူများ

လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းမှ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ သင်တန်းကို တက်ရောက်ထားသော WV နယ်မြေခံဝန်ထမ်း

## ညွှန်ကြားချက်များ

သင်သည် အောက်ပါတို့ကိုဖတ်ပြနေစဉ် မေးခွန်းများ မေးရန် အားပေးပါ။

### လူငယ်သည် လှုပ်ရှားရန် လိုအပ်သည်။

လူငယ်တွင် ရုပ်ပိုင်းဆိုင်ရာ ခွန်အားများစွာရှိကြောင်း ရှင်းပြပါ။ လူငယ်တစ်ယောက်အတွက် အချိန်ကြာမြင့်စွာ ထိုင်နေဖို့ရန် လွန်စွာခက်ခဲလှသည်။ အသက် ၁၈ နှစ်တိုင်အောင် ကလေးတစ်ယောက်၏ ဦးနှောက်သည် အလွန်လျှင်မြန်စွာ ဖွံ့ဖြိုးနေပြီး လေ့လာသင်ယူမှုများက ကလေးတစ်ယောက်သည် ဦးနှောက်တည်ဆောက်ဖို့ ဆက်လက်ရွေ့လျားနေကြောင်းကို ပြသနေသည်။

ပြောကြားနေစဉ် စာသင်ခန်းထဲတွင် ထိုင်နေရခြင်းကို မှတ်မိသူတစ်ယောက်ယောက်များရှိသလားဟု မေးပါ။ သင်သည် အတန်းချိန်ပြီးဆုံးအောင် စောင့်နေရင်း ပြူတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေခဲ့ဖူးသလားဟု မေးပါ။ လူငယ်ပါဝင်သူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ထဲတွင် ပျင်းရိမနေစေရန် သို့မဟုတ် ငွေ့ပြီးဆုံးအောင် ထိုင်စောင့်နေရခြင်းမဖြစ်စေရန် အရေးကြီးလှပေသည်။

သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)သည် လူငယ်တို့၏ လှုပ်ရှားမှုကို ထိန်းသိမ်းထားရန် ပုံစံထုတ်ထားခြင်းဖြစ်သည်။ အခန်းတိုင်းသည် သွေးပူလေ့ကျင့်ခန်းနှင့်နှင့် စတင်ပြီး အဖွဲ့ထဲတွင် ကစားခြင်း သို့မဟုတ် အလုပ်လုပ်ခြင်းဖြင့် လူငယ်များတစ်ခုခု လုပ်ခွင့်ရမည့် လုပ်ဆောင်ချက်တစ်ခု ပါဝင်သည်။ ဤအချိန်များတွင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် အချိန်ကြာမြင့်စွာ စကားပြောဆို မနေသင့်ပေ။ အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ပျင်းရိဖို့ကောင်းလာပါက ပါဝင်သူများသည် လာရောက်ကြတော့မည်မဟုတ်။

### အကယ်၍ သင်က အင်တိုက်အားတိုက် ပြောဆိုနေပါက လူငယ်တွေသည် နားထောင်နေကြပေလိမ့်မည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် လူငယ်ပါဝင်သူများကို စကားပြောနေချိန်တွင် သူတို့၏ပြောစကားထဲသို့ အားထည့်ပြောဆိုရန် ကြိုးစားသင့်သည်ဆိုတာကို ရှင်းပြပါ။ အောက်ဖော်ပြပါ နည်းလမ်းတစ်ချို့ကို ဦးဆောင်သူများ ပြုလုပ်နိုင်သည်။

- သူတို့ပြောကြားနေစဉ် အခန်းထဲတွင် လမ်းလျှောက်နေပါ။
- စကားပြောနေစဉ် လက်တွေကို လှုပ်ရှားနေပါ။
- ပါဝင်သူများကို မျက်လုံးထဲပေါ်အောင် ကြည့်ပါ။
- ဟာသများ ပြုလုပ်ပါ။ (သို့သော် ပါဝင်သူများကို ရယ်စရာမလုပ်ပါနဲ့)
- ပျော်စရာလေးတွေ ဖန်တီးပါ။

## လုပ်ဆောင်ချက်၊ တင်ပြပုံတင်ပြချက်၊ ကျွမ်းကျင်မှုများ

ပါဝင်သူများမှာ တွဲဖက်တစ်ယောက်ရှာဖွေရန် ပြောကြားပါ။ ပါဝင်သူတစ်ယောက်စီကို 'IS 6a တင်ပြပုံတင်ပြချက် ကျွမ်းကျင်မှုများ' မိတ္တူတစ်စောင်စီပေးပြီး ၎င်းကိုဖတ်ရန် ကျွမ်းကျင်သူများကို ပြောကြားပါ။ ထို့နောက် ပါဝင်သူ တစ်ယောက်စီကို သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ထဲမှ သူ သို့မဟုတ် သူမ၏ မိတ္တူကို ထုတ်ယူရန်ပြောကြားပြီး ' စကားပြောဆိုပါ (လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ)' ဟု ခေါင်းစဉ်တပ်ထားသော အခန်း ၁၃ သို့ လှန်ခိုင်းလိုက်ပါ။ ပါဝင်သူများကို ၎င်းတို့ဘာသာ အဖွင့်စာများကို မိနစ်ပိုင်းမှ အချိန်ပေး၍ ဖတ်ရန် ပြောကြားပါ။ ထို့နောက် ၎င်းတို့ကို တင်ပြပုံတင်ပြချက် ကျွမ်းကျင်မှုများကို အသုံးပြု၍ သူတို့၏တွဲဖက်များကို အဖွင့်စာများ ဖတ်ပြရန် ပြောကြားပါ။ သူတို့ တစ်ကြိမ် ကြိုးပမ်းပြီးလျှင် စာရင်းကို ကြည့်ရန် ၎င်းတို့ကိုပြောကြားပြီး မိတ်ဖက်တစ်ယောက်နှင့်အတူ သူတို့ မည်သည့် ကျွမ်းကျင်မှုကို အသုံးပြုခဲ့သည်၊ မည်သည့်အရာက ပိုမို စိန်ခေါ်ဖွယ်ဖြစ်ခဲ့သည်တို့ကို ဆုံးဖြတ်ပါ။ တွဲဖက်များသည် ဒိုင်များမဟုတ်ကြဘဲ အထောက်အပံ့ပေးသင့်ကြသည်။ ထို့နောက် တွဲဖက်များကို နေရာပြောင်း၍ သင်ခန်းစာကို ပြန်လုပ်သင့်သည်။

တွဲဖက်များ နှစ်ယောက်လုံး အလှည့် ပြီးသွားလျှင် လုပ်ဆောင်ချက်တစ်ခုလုံးကို ပြန်လည် ပြုလုပ်ရန် ပြောဆိုပါ။

အဖွဲ့ထဲရှိ လူတိုင်း အနည်းဆုံး နှစ်ခေါက် ပြုလုပ်ပြီးနောက် ပါဝင်သူများကို အဖွဲ့တစ်ခုတည်းအနေနှင့် ပြန်လည်ပေါင်းစည်းပြီး ဤသို့မေးမြန်းပါ။

- ဤလုပ်ဆောင်ချက်ကို လုပ်ဆောင်ရသည်ကို မည်သို့ခံစားရသနည်း။
- မည်သည့် ကျွမ်းကျင်မှုများသည် အသုံးပြုရ လွယ်ကူခဲ့သနည်း။
- မည်သည့် ကျွမ်းကျင်မှုများသည် ခက်ခဲခဲ့သနည်း။
- အဘယ့်ကြောင့် ၎င်းတို့ ခက်ခဲခဲ့သနည်း။
- သင်ပို၍ လေ့ကျင့်လေ သင်ပိုမိုတိုးတက်လာလေဟု သင်ခံစားမိပါသလား။
- တစ်ယောက်ယောက်သည် အဖွဲ့ကို ပြန်လည်မျှဝေလိုသည့် ပိုမိုလွယ်ကူသည့်ကိုယ်ပိုင်ပရိယာယ်များ တစ်ခုခု တိုးတက်မှု ရှိခဲ့သလား။

## ညွှန်ကြားချက်များ- လူငယ်တို့၏ဘဝများ၊ အကြမ်းဖက်မှု သို့မဟုတ် စိတ်သိမ်ငယ်မှုတို့နှင့်ဆက်စပ်နေသောစကား ပြောပါ၊ အကြံဉာဏ်များပေးပါ။

### လူငယ်တို့သည် စကားပြောရန် လိုအပ်သည်။

ပါဝင်သူများကို အောက်ပါအခန်းကို ဖတ်ပြပါ။ မေးခွန်းများမေးရန် ၄င်းတို့ကို ပြောကြားပါ။

> ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်က လူငယ်များသည် ၄င်းတို့ကို သက်ရောက်မှုရှိသော ကိစ္စရပ်များအပေါ် ၄င်းတို့၏ အကြံဉာဏ်များ ဖော်ထုတ်ပြောဆိုခွင့်ရှိသည်ဟု ဆိုသည်။ အာရှရှိ လူငယ်များသည် ထုံးတမ်းစဉ်လာအရ တိတ်တိတ်နေရန် လူကြီးပြောသည့်အတိုင်းလိုက်လုပ်ရန်၊ တာဝန်ရှိသူကို မေးခွန်းပြန်မမေးရန်တို့ကို ကြုံတွေ့ရသည်။ သို့သော် ယနေ့အချိန်တွင် လူငယ်များသည် လူကုန်ကူးသူများ၏ ပရိယာယ်များမှ ၄င်းတို့ကို ကာကွယ်ရန် မည်ကဲ့သို့ စကားပြောရမည်ဆိုသည်ကို လေ့လာသင်ယူရန်လိုအပ်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လူငယ်များကို စကားပြောရန် နှင့် ၄င်းတို့၏ အကြံဉာဏ်များကို မျှဝေဖို့ရန် အားပေးဖို့ လွန်စွာ အရေးကြီးလှပေသည်။

### လူငယ်များသည် ၄င်းတို့ကိုယ်ပိုင် အကြံဉာဏ်များကို ပြုလုပ်နိုင်ကြသည်။

သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)သည် လူငယ်များကို ၄င်းတို့ ရွှေ့ပြောင်းသွားလာမှု နေးကွေးစေရန်နှင့် ၄င်းတို့ ရွှေ့ပြောင်းသောအခါ ပိုမိုလုံခြုံစွာ ရွှေ့ပြောင်းသွားလာနိုင်စေရန် ၄င်းတို့၏အပြုအမူ လုပ်ဆောင်ပုံတို့ ပြောင်းလဲသွားစေရန် ကြိုးပမ်းထားသည်ကို ရှင်းပြပါ။ လေ့လာတွေ့ရှိချက်များက လူများသည် ၄င်းတို့တွင် လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသည်ကို ၄င်းတို့ခံစားမိသောအခါ အပြုအမူ လုပ်ဆောင်ပုံတို့ကို ပြောင်းလဲရန် ပိုမို နှစ်သက်တတ်ကြသည်ကို ပြသနေသည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လူငယ်များအတွက် ၄င်းတို့၏ ကိုယ်ပိုင်အကြံဉာဏ်များ ပြုလုပ်နိုင်ရန် အခွင့်အရေးများ ဖြည့်ဆည်းပေးရန် ကြိုးပမ်းသင့်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လူငယ်များကို ဤအရေးကိစ္စရပ်များတွင် ၄င်းတို့၏ ကိုယ်ပိုင်စိတ်ဖြင့် ပြုလုပ်ရန် ဤသတင်းအချက်အလက်ကို အသုံးပြုခွင့်ပေးရန် ကစားပွဲများနှင့် လုပ်ဆောင်ချက်များကို အသုံးပြုဖို့ ကြိုးပမ်းသင့်သည်။

### လေ့လာသင်ယူခြင်းသည် လူငယ်များ၏ဘဝများနှင့် သက်ဆိုင်သင့်သည်။

လူများသည် ၄င်းတို့၏ဘဝများနှင့် သက်ဆိုင်နေသော ဘာသာရပ်များကို သင်ကြားနေသည့်အခါတွင် အကောင်းဆုံးလေ့လာသင်ယူတတ်ကြသည်ဆိုတာကို ရှင်းပြပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူများက လူကုန်ကူးခြင်းသည် အမှန်တကယ် အန္တရာယ်တစ်ရပ်ဖြစ်ပြီး ၄င်းသည် သူတို့ကိုယ်တိုင်ကဲ့သို့ လူငယ်များတွင် ဖြစ်လေ့ရှိတတ်သည်ဆိုတာကို အမှန်တကယ် သိသွားစေဖို့ လိုအပ်သည်။

တော်သော ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူတစ်ယောက်သည် သင်ခန်းစာကို လူထုထဲမှ သို့မဟုတ် လူငယ်တို့၏ဘဝများထဲမှ လက်တွေ့အခြေအနေနှင့် တောက်လျှောက်ချိတ်ဆက်ပြဖို့ ကြိုးစားသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများက သင်ကြားပေးလိုက်သဖြင့် ဤအရာကို မည်ကဲ့သို့ပြုလုပ်ရမည်ဆိုသည့် စဉ်းစားပုံကို စွဲမှတ်သွားစေသင့်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် လူငယ်ပါဝင်သူများကို သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)သည် ၄င်းတို့ကဲ့သို့ပင် လူထုထဲတွင် နေထိုင်သော လူငယ်တို့၏ ဖြစ်ရပ်မှန်ဇာတ်လမ်းများကို လေ့လာအသုံးပြုထားခြင်းဖြစ်ကြောင်း သတိပေးသင့်သည်။

### အကြမ်းဖက်ခြင်း သို့မဟုတ် အရှက်ခွဲခြင်း

ပါဝင်သူများကို ၄င်းတို့၏မျက်လုံးများကို မှိတ်ထားပြီး ကျောင်းတွင် ဆရာတစ်ယောက်က သူတို့ကို ရိုက်ခြင်း သို့မဟုတ် အရှက်ခွဲသော အချိန်ကို ပြန်လည်စဉ်းစားရန် ပြောကြားပါ။ သူတို့ကို ထိုအချိန်တွင် သူတို့ ဘာကို စဉ်းစားသလဲ သို့မဟုတ် မည်ကဲ့သို့

ခံစားရသလဲ ဆိုတာကို မှတ်မိအောင် စဉ်းစားဖို့ပြောကြားပါ။ သင်တို့ ဆရာက ဆွေးနွေးနေသည့် အကြောင်းအရာကို စဉ်းစား မိသလား သို့မဟုတ် ဆရာက သင့်ကိုနာကျင်စေသည့် နည်းလမ်းကို ရလဒ်နေဖြင့် ဝမ်းနည်းခြင်း သို့မဟုတ် ဒေါသထွက်ခြင်း တို့ကြောင့် လောင်ကျွမ်းရနေသလား ဟု မေးမြန်းပါ။

အချို့သော လူကြီးများသည် လူငယ်များကို ရိုက်ခြင်း၊ အရှက်ခွဲခြင်း သို့မဟုတ် လျောင်ရယ်ခြင်းဖြင့် ၄င်းတို့လေ့လာသင်ယူမှု ကို တွန်းအားပေးလိမ့်မည်ဟု ယုံကြည်တတ်ကြကြောင်းကို ရှင်းပြပါ။ ၄င်းသည် မမှန်ကန်ပါ။ လေ့လာမှုများက ထိုကဲ့သို ရုပ် ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများက ဆန့်ကျင်ဖက် အကျိုးသက်ရောက်မှုများ ရှိတတ်ကြောင်း ပြသ နေသည်။ ၄င်းတို့သည် ပညာသင်ကြားရာ လမ်းကြောင်းတွင် လူငယ်များကို စိတ်လှုပ်ရှားမှု ခံစားချက်များ ဖြစ်ပေါ်စေသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူကောင်းတစ်ယောက်သည် အောက်ပါကဲ့သို့ ဖြစ်ရမည်ဆိုတာကို ရှင်းပြပါ။

- မည်သည့်နည်းဖြင့်မဆို လူငယ်များကို ရိုက်ခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုရအောင် မပြုလုပ်ရပေ။
- လူငယ်များကို ရယ်စရာ မပြုလုပ်ရပေ။
- လူငယ်များကို မည်သည့်နည်းနှင့်မျှ အရှက်မခွဲရပေ။ (ဥပမာအားဖြင့်၊ ဦးဆောင်သူတစ်ယောက်သည် လူငယ်ကို အပြစ် ပေးသည့်အနေဖြင့် နံရံကိုမျက်နှာမူလျက် ရပ်နေစေရန် သို့မဟုတ် အဖွဲ့နှင့်ဝေးရာတွင် သွားထိုင်နေစေရန် မပြောရပေ)
- ပါဝင်သူများကို လူများနှင့်နှိုင်းယှဉ်မှု မပြုရပေ (ဥပမာအားဖြင့် ဦးဆောင်သူတစ်ယောက်သည် ပါဝင်သူတစ်ယောက်က အရမ်းတော်ပြီး အခြားတစ်ယောက်က အရမ်းညံ့တာပဲဟု မပြောသင့်ပေ။ အကယ်၍သင်က ထိုကဲ့သို့ ပြုလုပ်ခဲ့ပါက ညံ့သော ပါဝင်သူသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သို့ လာတော့မည် မဟုတ်ပေ။)

ထို့အပြင် ဝေါလ်ဗီရှင်သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ထဲရှိ နောက်ဆက်တွဲ (က)တွင် ပါဝင်သော လူငယ်များကို မည်သည့် နည်းဖြင့်မဆို လူကြီးများက ရိုက်နှက်ခြင်း သို့ နာကျင်အောင် ပြုလုပ်ခြင်းမှ တားမြစ်သည် ဆိုတာကဲ့သို့သော ခိုင်မာသည့် ကလေးသူငယ် ကာကွယ်ရေး မူဝါဒ ရှိသည်။

### အခန်းအကျဉ်းချုပ်

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် အောက်ပါတို့ကို ပြုလုပ်သင့်သည်။

- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် တက်ကြွစေရန် လူငယ်များကို အားပေးပါ။
- အင်တိုက်အားတိုက် စကားပြောပါ
- လူငယ်များကို စကားပြောဆိုဖို့ အားပေးပါ။
- အကြံဉာဏ် အစစ်အမှန်များကိုဖော်ထုတ်ဖို့ လူငယ်များကို အားပေးပါ။
- အခန်းများကို လူငယ်တို့၏ဘဝများနှင့် ဆက်စပ်ပြပါ။
- အကောင်းမြင်သောစည်းမျဉ်းများကို အသုံးပြုပြီး လူငယ်များကို ဘယ်တော့မှ မရိုက်ပါနှင့်၊ မနာကျင်ပါ စေနှင့် သို့မဟုတ် အရှက်မခွဲပါနှင့်။

## IS 6a  တင်ပြပုံ တင်ပြချက် ကျွမ်းကျင်မှုများ

သင်စကားပြောနေစဉ် အခန်းထဲပတ်၍ လမ်းလျှောက်နေပါ

မေးခွန်းများကို မေးမြန်းပါ

အဓိပ္ပာယ် ပိုမိုရှင်းလင်းစေရန် လက်ဟန်ခြေဟန်ကို အသုံးပြုပါ

အခန်းများကို ပါဝင်သူများ၏ဘဝများနှင့် ဆက်စပ်ပြပါ

ပါဝင်သူများကို မျက်လုံးထဲ ပေါ်အောင်ကြည့်ပါ

ဟာသများ ပြုလုပ်ပါ (သို့သော် ပါဝင်သူများကို ရယ်စရာ မပြုပါနှင့်)

ပျော်စရာလေးတွေ ဖန်တီးပါ

# အခန်း (၇) မည်သို့ ဦးဆောင်မည်နည်း ဆွေးနွေးချက်များ

## ရည်ရွယ်ချက်

ပါဝင်သူများသည် ဆွေးနွေးပွဲများတွင် မည်သို့ ဦးဆောင်ဆွေးနွေးမည်ကို သိရှိမည်။

## အချိန်

မိနစ် ၆၀

## အထောက်အပံ့များ

- အောက်ပါမိတ္တူများ
  - » IS 7a အလှည့်ကျ ကစားနည်းများအား ကဒ်တစ်ခုချင်းစီ
  - » IS 7b ပါဝင်သူများတစ်ဦးစီအတွက် ဦးဆောင်ဆွေးနွေးခြင်းများ
- အိတ်တစ်လုံး

## ပါဝင်သူများ

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တစ်ခုစီမှ လူကြီး ဦးဆောင်သူ၂-၃ဦး

## ဦးဆောင်သူများ

လူကုန်ကူးမှုအဆုံးသတ်ရေးအဆုံးသတ်ရေး စီမံကိန်းမှ ကျွမ်းကျင်သောလမ်းပြသင်တန်းရထားသော WV နိုင်ငံ ဝန်ထမ်းများ

## ညွှန်ကြားချက်

သင်တန်း လက်စွဲစာအုပ်(Toolkit)သည် လူငယ်များအား ဤကိစ္စရပ်အား ဆွေးနွေးရာတွင် သူတို့ဘဝအား ပြန်လည်မြင်ယောင်ပြီးဆွေးနွေးစေရန် တိုက်တွန်းထားသည်။ သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) တစ်ခုလုံး အုပ်စုလိုက် ဆွေးနွေးပွဲများသာ ပါဝင်သည်။

ဤအပိုင်းသည် ဆွေးနွေးပွဲများအား ဦးဆောင်နိုင်ရန် လေ့လာသည့်နည်းတစ်ခုအား ရှင်းလင်းထားသည်။ အောက်ပါတို့အား ပါဝင်သူများအား ဖတ်ပြပါ။

## ဆွေးနွေးပွဲတစ်ခုအား မည်သို့ ဦးဆောင်မည်နည်း။

- ပါဝင်သူများ ငြိမ်သက်နေစေပါ၊ အုပ်စုအား လေ့လာပါ။ တစ်ဦးမှ စကားမပြောလျှင် တစ်ဦးအား ဤအကြောင်းအရာနှင့် ပါတ်သတ်ပြီး သူ့အမြင်အား မေးပါ။ ပါဝင်သူများအား စကားပြောရန် အတင်းမတိုက်တွန်းပါနှင့်၊ သူတို့ စိတ်ပါလာလျှင် တော့ ဖိတ်ခေါ်ပေးပါ။
- စကားများသူများအား ခေတ္တရပ်ခိုင်းပါ။ တစ်ဦးတည်းက တောက်လျှောက်ပြောနေလျှင် အခြားသူများပြောဖို့ အခွင့်အရေး ပေးရန် ယဉ်ကျေးစွာပြောဆိုပါ။ ဥပမာ-ယခုလို ဆွေးနွေးပေးသည့်အတွက် ကျေးဇူးတင်ပါတယ်၊ အချိန်ကန့်သတ်ချက်ရှိ လို့ပါဟု သူတို့စကားစပြတ်ချိန်တွင်ပြောနိုင်ပါသည်။ အခြားသူများလဲ ဘယ်လိုထင်မလဲ မေးလို့ရမလား။
- ထပ်ပြောပေးပါ။ အခြားသူတစ်ဦး မေးထားသည့်မေးခွန်းအား ဆွေးနွေးမှုထဲထည့်ချင်လျှင်-ဥပမာ သူမကတော့ ဒီလိုပြော တယ်၊ အခြားသူတွေရော သဘောတူလား ဟု မေးနိုင်ပါတယ်။
- နားထောင်ပါ။ လူငယ်များပြောစကားအား တကယ်နားထောင်ချင်လျှင် သူတို့ ပိုစကားပြောလာပါလိမ့်မည်။ သူတို့နှင့် ဆွေးနွေးရန် သင့်တော်သော မေးခွန်းများ စဉ်းစားထားနိုင်ပါသည်။
- မေးခွန်းများစွာမေးပါ။ ယင်းမေးခွန်းများသည် လူငယ်များမှ ယုံကြည်မှုနှင့်ထင်မြင်ယူဆချက်ဆိုင်ရာ မေးခွန်းများဖြစ်ပါစေ။ ဗဟုသုတဆိုင်ရာ အကြောင်းအရာများ မဖြစ်ပါစေနှင့်။ ဥပမာ-သင့် ယူဆချက် သို့မဟုတ် ယုံကြည်မှုတွေက အောက်ပါ အချက်များ ပါဝင်ပါသလား။

  » လူငယ်တွေ ကျောင်းထွက်ရတာ ဘာ့ကြောင့်လို့ ထင်သလဲ။

  » ဤအချက်တွေက သင့်ဘဝအတွက် သုံးနိုင်မည်ဟု သင်ထင်ပါသလား။ ဘာကြောင့်လဲ ဘာကြောင့်မသုံးနိုင်သလဲ။

  ဗဟုသုတနှင့် ဆိုင်သော မေးခွန်းများမှာ-

  » လူကုန်ကူးခြင်းအတွက် အဓိကနေရာများ နာမည်

  ကျွမ်းကျင်သော လမ်းပြသင်တန်း လက်စွဲစာအုပ်တွင် အတွေးနှင့်စိတ်ကူးများအတွက် မေးခွန်းများစွာ ရှိပါသည်။

## ခက်ခဲသော အဆိုအား ပြန်လည် တုန့်ပြန်ခြင်း

တစ်ခါတစ်ရံတွင် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) ရှိပန်းတိုင်များ သို့မဟုတ် ဝေါလ်ဗီရှင်၏ တန်ဖိုးများနှင့် ပါတ်သတ်ပြီး ပါဝင်သူများမှ မေးလေ့ရှိသည်။ ဥပမာ-

' ကျောင်းက အသုံးမဝင်ပါဘူး၊ အသက် ၁၄နှစ်ရောက်ရင် စက်ရုံပို့လိုက်တာပဲ'

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူအနေဖြင့် ဤအခြေအနေအားကိုင်တွယ်ရာမှာ အရေးကြီးလှပါသည်။ ပထမ ကတော့ အဖွဲ့ရှိ အခြားလူများအား သဘောတူညီမှုရှိ/မရှိ မေးပါ။ နောက်တစ်ဆင့်အနေဖြင့် မေးခွန်းများမေးပြီး အဖွဲ့ဝင်များ အား ပြန်စဉ်းစားစေပါ။ ဥပမာ-

'စက်ရုံအလုပ် လုပ်ဖို့ ဘယ်လိုအရည်အချင်းတွေလိုလဲ။'

'ပညာပိုတတ်တဲ့သူတွေက လစာပိုမကောင်းဘူးလား။'

အဲ့နောက်တွင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများမှ WV ၏ နေရာအကြောင်း ဖြည်းညင်းစွာ ဆွဲယူပါ၊ WV ရှိ နေရသည့် အကြောင်းကတော့ ပညာရေးအရေးကြီးတယ် ထင်လို့ပါ။ သင့်ဘဝကို အရည်အချင်းတွေ၊ သူငယ်ချင်းကောင်းတွေ နှင့် တိုးတက်စေချင်လို့ပါ။ အလုပ်အကိုင်တိုင်းက ပညာရေးလိုအပ်လို့ အနာဂါတ်အလုပ်အကိုင်အခွင့်အလမ်းများအတွက် တံခါး ဖွင့်ထားပေးခြင်းပါ။ အဲ့အဓိပ္ပါယ်ကတော့ သင် နောင်တစ်ချိန်မှာ လစာကောင်းကောင်း ရနိုင်တယ်လေ။ စာဖတ်တတ်တော့ စာချုပ်တွေလဲ ဖတ်တတ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ ၁၄ နှစ်အရွယ်ကလေးကို အချိန်ပြည့် အလုပ်လုပ်ခိုင်းတာ တရားမဝင် ဘူးလေ။

## လုပ်ဆောင်ချက် - ဦးဆောင်ဆွေးနွေးခြင်း

အုပ်စုအား ၈ဦးစီ ခွဲလိုက်ပါ။ အုပ်စုတစ်ခုစီအား IS 7a  အလှည့်ကျ ကစားနည်းများအား ကတ်တစ်ခုချင်းစီ ပေးလိုက်ပါ။ ထို့နောက် IS 7b ပါဝင်သူများတစ်ဦးစီအတွက် ဦးဆောင်ဆွေးနွေးခြင်းများမှ ကတ်တစ်ခုစီကို အဖွဲ့ဝင်တစ်ဦးချင်းစီကို ပေးလိုက်ပါ။ အဖွဲ့ဝင်များအား အလှည့်ကျကစားနည်း ကစားရမည်ဖြစ်ကြောင်းနှင့် အဖွဲ့ဝင်တိုင်းက သူတို့တွင်ရှိသော ကတ်တွင် ပြောထားသည့်အတိုင်း လုပ်ဆောင်ရမည်ဟု ပြောပါ။ အချို့သရုပ်ဆောင်ရသည်မှာ ကြမ်းတမ်းမှုရှိနိုင်ပေမယ့် သရုပ်ဆောင်တာဖြစ်ကြောင်း ထပ်မံပြောထားပါ။ ဦးဆောင်သူ ကတ်ရရှိထားသူမှ IS 7b: ပါဝင်သူများတစ်ဦးစီအတွက် ဦးဆောင်ဆွေးနွေးခြင်းများမှ နည်းအတိုင်း စတင်ရမည်။

ဦးဆောင်သူသည် အောက်ပါထဲမှ တစ်ခုအား ဆွေးနွေးရန် ရွေးချယ်ရမည်။

- နာမည်ကျော် ရုပ်ရှင်များ
- နာမည်ကျော် ဂီတများ
- အနောက်တိုင်း အစားအစာများ
- နာမည်ကျော် အားကစားသမားများ

ဆွေးနွေးသည့်အကြောင်းအရာများသည် လူကုန်ကူးခြင်းနှင့် မသက်ဆိုင်ပါ။ သို့မှသာ ပါဝင်သူများမှ ဦးဆောင်ဆွေးနွေးရမည့် ခေါင်းစဉ်အပေါ် အာရုံစိုက်နိုင်မည်။

အုပ်စုတစ်ခုစီမှ ၅မိနစ်ခန့် ဆွေးနွေးစေပါ။ ပြီးနောက် အားလုံး ကတ်များကို အိတ်ထဲပြန်ထည့်ပါ။ အားလုံးရောလိုက်ပြီးတစ်ကတ်စီ ပြန်ရွေးပါ။ (ကတ်တစ်ခုတည်း ပြန်ကျလျှင် ထပ်မံရွေးပါ)။ ယင်းကစားနည်းအား ၃ကြိမ်မှ ၄ ကြိမ် လုပ်ခြင်းဖြင့် အခန်းအားလုံးကို သိရှိစေပါ။

အားလုံးပြီးသည့်အခါ ပါဝင်သူများအားလုံးကို အုပ်စုတစ်ခုတွင် လာရောက်ဆုံစေပြီး မေးခွန်းမေးပါ။

- ဤလုပ်ငန်းအားလုပ်နေစဉ် ဘယ်လိုခံစားရလဲ။
- ဘယ်အရည်အချင်းက အသုံးချရ လွယ်လဲ။
- ဘယ်အရည်အချင်းက ခက်ခဲလဲ။
- ဘာကြောင့်ခက်လဲ။
- လေ့ကျင့်လိုက်သောအခါ ပိုမို တိုးတက်လာတယ်လို့ ထင်မိသလား။
- ပိုမိုပြီး ဟန်ဆောင်တတ်လာသလား။ အဲ့တာကို အုပ်စုထဲမှာ ဝေမျှလိုသလား။

### အခန်း အနှစ်ချုပ်

ဦးဆောင်သူကောင်းတစ်ဦးအတွက် နည်းလမ်းများ

- ပါဝင်သူများအား ငြိမ်သက်အောင်ထားပါ။
- စကားများသူများအား ကန့်သတ်ထားပါ။
- အဖွဲ့ဝင်များ ပြောသည်ကို ပြန်ပြောပြပါ။
- နားထောင်ပါ။
- လူငယ်တွေရဲ့သဘောထားကို သိရှိရန် မေးခွန်းများများမေးပါ။
- ဂေါလ်ဗီရှင်တန်ဖိုးထားသည့် အကြောင်းအရာများနှင့်ဆန့်ကျင်သည့်အရာများကို မေးလာသည့်အခါ ဂေါလ်ဗီရှင်ရှိနေရခြင်းအကြောင်းကို ရှင်းလင်းပြပါ။

## IS 7a  အလှည့်ကျကစားခြင်းဖြင့် ဆွေးနွေးခြင်း

(အချို့ကတ်များ ၂ ခါပါဝင်သည်။)

သင်သည် ဦးဆောင်သူဖြစ်သည်။
ဦးဆောင်သူမှ သင် စကားပြောလွန်းသောကြောင့် ခေတ္တရပ်နိုင်းလျှင် ရပ်လိုက်ပါ၊ တစ်ကြိမ်ထဲလုပ်ပါ။
သင်ရှက်သွားပြီး မေးတာ ပြန်မဖြေတော့ပါ။
သူငယ်ချင်းကိုတော့ သင်စကားဆက်ပြောတုန်းပါပဲ။
ဝေါလ်ဗီရှင်အပေါ် ဆန့်ကျင်သည့် အဆိုတစ်ခု ပြုလုပ်ပါ။ တစ်ကြိမ်ထဲလုပ်ပါ၊
ဆွေးနွေးပွဲတွင် ပုံမှန်သာ ဆွေးနွေးပါ။

## IS 7b  ဦးဆောင် ဆွေးနွေးခြင်းများ

**ဆွေးနွေးမှုကို ဘယ်လို ဦးဆောင်မလဲ။**

- **ပါဝင်သူများအား ငြိမ်သက်အောင်ထားပါ။** အုပ်စုအား လေ့လာပါ။ တချို့ စကားမပြောလျှင် ဆွေးနွေးမှုအပေါ် သူတို့ ထင်မြင်ယူဆချက်များ မေးပါ။ အရမ်း မတိုက်တွန်းပါနှင့်၊ စကားပြောလာရန် ဖိတ်ခေါ်ပါ။
- **စကားများသူများအား ရပ်နိုင်းပါ။** တစ်ဦးတည်းက တောက်လျှောက်ပြောနေလျှင် ယဉ်ကျေးစွာဖြင့် အခြားသူများအား စကားပြောခွင့်ပေးရန် တောင်းခံပါ။ ဥပမာ-သူတို့စကားပြတ်သွားချိန်တွင်၊ 'ယခုလို ဆွေးနွေးသည့်အတွက် ကျေးဇူးတင်ပါတယ်၊ အချိန်ကန့်သတ်မှုရှိလို့ အခြားသူရဲ့ အမြင်ကိုလည်း မေးချင်ပါတယ်'ဟု ပြောပါ။
- **ထပ်ပြောပါ။** တစ်ယောက်ယောက်က ပြောလိုက်သည့်အပေါ် အခြားသူများမှ သဘောတူညီမှု ရှိ၊ မရှိ မေးပါ။ ဥပမာ- **သူမကတော့ ဒီလိုပြောလိုက်တယ်....................... သင်တို့ရော သဘောတူလား။**
- နားထောင်ပါ။ လူငယ်တွေပြောတာ နားထောင်ချင်လျှင် ဆွေးနွေးမှုကို အကူအညီဖြစ်မယ့် မေးခွန်းများ စဉ်းစားထားပါ။
- **မေးခွန်းအများကြီးမေးပါ။** အဲ့ဒီမေးခွန်းတွေက ဗဟုသုတနဲ့ဆိုင်တာ မဟုတ်ဘဲ လူငယ်တွေရဲ့ ယုံကြည်မှုနှင့် ခံယူချက်ဆိုင်ရာ မေးခွန်းများ ဖြစ်ပါစေ။ ဥပမာ အောက်ပါမေးခွန်းများဖြစ်ပါသည်။
  » လူငယ်တွေ ကျောင်းထွက်ရတာ ဘာ့ကြောင့်ထင်လဲ။
  » 'ဤအချက်တွေက သင့်ဘဝအတွက် သုံးနိုင်မည်ဟု သင်ထင်ပါသလား။ ဘာ့ကြောင့်လဲ၊ ဘာ့ကြောင့် မသုံးနိုင်သလဲ။
  ဗဟုသုတနှင့်ဆိုင်သော မေးခွန်းများမှာ-
  » လူကုန်ကူးခြင်းအတွက် အဓိကနေရာများ နာမည်

# အခန်း (၈) လိင် သို့မဟုတ် နှောင့်ယှက်သည့် အကြောင်းအရာများ မည်သို့ကိုင်တွယ်ရမည်နည်း

## ရည်ရွယ်ချက်

ပါဝင်သူများသည် လိင် သို့မဟုတ် နှောင့်ယှက်သည့်အကြောင်းအရာများအား မည်သို့ကိုင်တွယ်ရမည်ကို နားလည်သဘောပေါက်စေရန်

## အချိန်

မိနစ် ၆၀

## အထောက်အပံ့များ

ပါဝင်သူတိုင်းအတွက် သင်တန်း လက်စွဲ စာအုပ်(Toolkit) တစ်စုံစီ

## ပါဝင်သူများ

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တစ်ခုစီမှ ၂-၃ဦးကြား လူကြီးဦးဆောင်သူများ

## ဦးဆောင်သူများ

လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းမှကျွမ်းကျင်သောလမ်းပြသင်တန်းရရှိပြီးသော WV နိုင်ငံ ဝန်ထမ်းများ

## ညွှန်ကြားချက်

ပစ္စည်းများနှင့်ပါတ်သက်ပြီး ပါဝင်သူများအား မေးခွန်းမေးရန် တိုက်တွန်းပါ။

လူကုန်ကူးခြင်းသည် လွန်စွာ ဝမ်းနည်းစရာကောင်းသော ကိစ္စရပ်ဖြစ်ပြီး လူ့အခွင့်အရေးနှင့်ပါတ်သက်သည့် ချိုးဖေါက်မှုများ ပါဝင်နေကြောင်း ရှင်းလင်းပြပါ။ လူငယ်များအား လူကုန်ကူးမှုနှင့်ပါတ်သက်ပြီး ဖြစ်နိုင်ချေရှိသည့် အန္တရာယ်ကြိုတင်အသိများ သိရှိနိုင်စေရန်၊ ဤ သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)တွင် ပုံပြင်များနှင့် ပါဝင်သူများအား စိတ်လှုပ်ရှားစေနိုင်သည့် အကြောင်းအရာများ ပါဝင်ပါသည်။

ယင်းအား ရှင်းပြခြင်းအားဖြင့် ဦးဆောင်သူများမှ တက်ကြွစွာ ရှင်းလင်းပြနိုင်ရန်နည်းလမ်းများ ပါရှိပါသည်။

## မိဘများ/ပြုစုစောင့်ရှောက်သူများနှင့် လုပ်ကိုင်ခြင်း

ယင်း(Tookit)မှ အလုပ်ရုံဆွေးနွေးပွဲ မစတင်မီ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအား မိဘများ/အုပ်ထိန်းသူများ၊ လူငယ်များနှင့် အုပ်စုလိုက် တွေ့ဆုံ ဆွေးနွေးနိုင်ရန် အကြံပြုထားသည်။ ယင်းအစည်းအဝေးတွင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် မိဘများ/အုပ်ထိန်းသူများအား Tookitတွင် ပါဝင်သည့် အကြောင်းအရာများနှင့် မိဘများ/အုပ်ထိန်းသူများမှ ၎င်းတို့၏ ကလေးများအား မပြောစေလိုသည့်အကြောင်းအရာများအားကြိုတင်ပြောပြထားနိုင်ကြောင်း အသိပေးထားရမည်။ ယင်းအကြောင်းအရာအားလုံးသည် လူငယ်များအား သူတို့ဘာသာ ကာကွယ်တတ်စေရန် အကူအညီပေးထားခြင်းဖြစ်ပြီး၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှ ၎င်းလူငယ်များ၏ မိဘများ ခွင့်မပြုသည့် အပိုင်းများကိုတော့ မသင်ကြားရပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် မိဘများ/အုပ်ထိန်းသူများထံမှ ယင်းဆွေးနွေးချက်နှင့်ပါတ်သက်ပြီး ခွင့်ပြုချက် ကြိုတင်တောင်းခံရမည်ဖြစ်ပြီး သဘောတူညီချက် ပုံစံတွင် လက်မှတ်ရေးထိုးစေရမည်။

## သင့်တော်သောအသက် - သို့မဟုတ် အတွေ့အကြုံ

ဤသင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)အား အသက် ၁၂-၁၇ နှစ် ကြားရှိ လူငယ်များအတွက် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြပါ။ သို့သော်လည်း သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ရှိ အခန်း (၇)ကလေးအလုပ်သမားနှင့် လိင်ခေါင်းပုံဖြတ်ခြင်းအတွက် လူကုန်ကူးခြင်းသည် အသက်ငယ်သည့် လူငယ်များအတွက် မသင့်လျော်ပါ။ ဝေါလ်ဗီရှင်သည် လူငယ်များ၏ ဘဝအမျိုးမျိုးအတွက် အလုပ်လုပ်ကိုင်လျှက်ရှိပြီး အဓိကအားဖြင့် ထိခိုက်လွယ်သည့် လူငယ်များအား ပိုပြီးဦးတည်လုပ်ဆောင်ပါသည်။ အချို့သော ကိစ္စများတွင် လူကြီးများထက် ပိုမိုအတွေ့အကြုံရှိသည့် လူငယ်များလည်း ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တွင်ပါဝင်လာနိုင်ပါသည်။ ဥပမာ အားဖြင့် ၁၃နှစ်အရွယ်ဖြင့် လိင်အား ရောင်းချခြင်းခံခဲ့ရသည့် ကလေးများလည်း ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့နှင့် အလုပ်လုပ်ကိုင်နိုင်ပါသည်။ ယင်းကဲ့သို့ ပါဝင်လာပါက ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် ယင်းလူငယ်သည် ငယ်ရွယ်လွန်းပြီး သူ့ဘဝအတွက် အရေးကြီးသောကြောင့် ယင်းအား ကိုင်တွယ်နေစဉ်အတွင်း လျို့ဝှက်ထားရမည်။ သို့သော်လည်း ရှေးရိုးဘာသာရေး လူထုထဲတွင် အလုပ်လုပ်ကိုင်ရသော ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင်မူ အခန်း-၇အား အသက် ၁၆နှစ်အထက်သို့မဟုတ် လုံးဝမသင်ကြားရန် ဆုံးဖြတ်သင့်သည်။ လူငယ်ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် မိဘများနှင့် ဆက်ဆံရာတွင် ဆုံးဖြတ်ချက်ချနိုင်ရန် လိုအပ်ပါသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် အခန်း ၇ အတွက် ရှက်ရွံ့မှုမရှိဘဲ ရိုးသားစွာ ပြောဆိုနိုင်ရန် ကျား/မ အခန်းခွဲခြားပြီး ရွေးချယ်ရပါမည်။

## ထိခိုက်လွယ်သည့် အကြောင်းများကို မည်သို့ပြောမည်နည်း

သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) ရှိ အကြောင်းအရာအများစုသည် ပြောဆိုရခက်ခဲပါသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် ယင်းအကြောင်းများအား စိတ်ငြိမ်ငြိမ်ထား စဉ်းစားပြီး ပြောဆိုရပါမည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအနေဖြင့် ယင်းကိစ္စရပ်များနှင့်ပါတ်သက်ပြီး ၎င်းတို့၏ စိတ်ခံစားမှုများအား စစ်ဆေးတတ်ဖို့လိုအပ်ပါသည်။ လိင်အကြောင်း စီးပွားရေးအတွက် ကလေးငယ်များအား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း(CSEC)နှင့် လူကုန်ကူးခြင်းများအား မကြောက်ရွံ့မရယ်မောဘဲ သို့မဟုတ် သင်ခန်းစာတွင် ပြင်းထန်စွာ စိတ်မပျက်ဘဲ ပြောဆိုရန် လိုအပ်ပါသည်။

တရုတ်ရှိ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် အဆောင်နေရသည့်လူငယ်များနှင့် အလုပ်လုပ်ကိုင်ရပါသည်။ ၎င်းတို့သည် လိင်ပိုင်းဆိုင်ရာ ဆက်ဆံမှုများနှင့်ပါတ်သက်ပြီး ဗဟုသုတ အနည်းငယ်သာရှိပါသည်။ ယင်းကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့များသည် HIV ကာကွယ်ရေး သို့မဟုတ် သားဆက်ခြားခြင်းနှင့်ပါတ်သက်ပြီး အခြားNGO များနှင့် အတူတကွလုပ်ဆောင်ရန် လိုအပ်ပါသည်။ ယင်းမိတ်ဖက် NGO များသည် အသက်(၁၅-၁၇)နှစ်ကြားရှိ လူငယ်များအား လိင်ပိုင်းဆိုင်ရာ ဆက်ဆံမှုများ၏ အခြေခံများအား ရှင်းလင်းပေးရန် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှ ဖိတ်ကြားရပါမည်။ သို့မှသာ ၎င်းတို့သည် မိမိကိုယ်ကို နောင်တစ်ချိန်တွင် ကာကွယ်နိုင်မည်ဖြစ်သည်။

## လုပ်ဆောင်ချက် - ခက်ခဲသောအကြောင်းအရာများအား ဆွေးနွေးခြင်း

ဤလုပ်ဆောင်ချက်သည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ရှိ အချို့သော ခက်ခဲသည့် အပိုင်းများအား ဦးစားပေးရှင်းလင်းထားပါသည်။

ဤစာရင်းရှိ ခေါင်းစဉ်တစ်ခုစီအား ကျယ်လောင်စွာ ဖတ်ပြပါ -

- လိင်ပိုင်းဆိုင်ရာ လုပ်ငန်းခွင်တွင်းရှိ လူငယ်
- မိဘများမှ လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုကျင့်ထားသော လူငယ်
- မိဘရိုက်နှက်ထားသော လူငယ်
- မိဘများမှ လူကုန်ကူးခံထားရသော လူငယ်
- မူးယစ်ဆေးသုံးစွဲထားသော လူငယ်
- အရက်အလွန်သောက်သော မိဘများ
- အမျိုးသမီးများအား စွမ်းအင်မြှင့်တင်ပေးခြင်း
- လုံခြုံမှုအတွက် တစ်ခါတစ်ရံတွင် လူကြီးများအားငြင်းဆန်ရသည့် လူငယ်
- တရားမဝင် ရွှေ့ပြောင်းသွားလာသော လူငယ်

အကြောင်းအရာ တစ်ခုစီတိုင်း သင်သေချာစွာဖတ်သောအခါတွင် အောက်ပါသတ်မှတ်ချက်များအရ ပါဝင်သူများအား စီစဉ်ခြင်း/အမှတ်ပေးစေခြင်း ပြုလုပ်ပါ။ ဥပမာ- ပါဝင်သူများက လိင်ပိုင်းဆိုင်ရာ လုပ်ငန်းခွင်ထဲရှိလူငယ်များအကြောင်း ဆွေးနွေးရန် အဆင်ပြေပါက ယင်းလူအား တစ်ဖက်တွင်နေစေပြီး ယင်းအကြောင်းအရာအားဆွေးနွေးရန် အဆင်မပြေသူများအား တစ်ဖက်တွင် ထားပါ။ IS ရှိ အကြောင်းအရာ တစ်ခုစီတိုင်းအတွက် သူတို့ခံစားချက်ပေါ် မူတည်ပြီး အောက်ပါအချက်များအရ သူတို့ဘာသာ စီစဉ်လိမ့်မည်။

ဆွေးနွေးရန် အဆင်မပြေခြင်း ←——————→ ဆွေးနွေးရန် အဆင်ပြေခြင်း

လူထုတွင်း အငြင်းပွားမှုဖြစ်ခြင်း ←——————→ လူထုတွင်း အငြင်းပွားဖွယ် မဖြစ်ခြင်း

ထို့နောက် အုပ်စုနှစ်ခုအား အတူတကွ ပြန်လာစေပြီး အောက်ပါမေးခွန်းများအား ဆွေးနွေးစေပါ-

- အုပ်စုတစ်ခုစီတွင် အကြောင်းအရာ အစီအစဉ်များ ပြောင်းမလား။
- မည်သည့်အကြောင်းအရာက လူငယ်များနှင့်ဆွေးနွေးရာတွင် အဆင်မပြေဖြစ်ပြီး အငြင်းပွားဖွယ်ဖြစ်သလဲ။
- သင့်တွင် အဲ့လိုကြုံတွေ့လာပါက ဘာလုပ်မလဲ။
- သင်သည် ကလေးအတွက် အာရုံထားမလား၊ အများအမြင်ကို ဂရုစိုက်မလား။
- လူထုအား စိတ်မပျက်စေဘဲ ကလေးအားကူညီမည်ဆိုတာ ဖြစ်နိုင်မလား။
- ဖြစ်နိုင်လျှင်၊ ဘယ်လိုလဲ။

## အခန်း အနှစ်ချုပ်

- သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)တွင် လိင်နှင့် နှောင့်ယှက်ခြင်း အကြောင်းများဆွေးနွေးထားသည်
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် မိဘများ/ပြုစုစောင့်ရှောက်သူများထံမှ ယင်းဆွေးနွေးချက်နှင့်ပါတ်သက်ပြီး ခွင့်ပြုချက် ကြိုတင်တောင်းခံရမည်ဖြစ်ပြီး သဘောတူညီချက်ပုံစံတွင် လက်မှတ်ရေးထိုးစေရမည်။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တွင် အသက်ကြီးသောလူငယ်များကိုသာ အခန်း (၇) ကလေးငယ်များအားအလုပ်လုပ်ရန် လူကုန်ကူးခြင်းနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းကို သင်ကြားရန် ဆုံးဖြတ်ရမည်။
- အခန်း (၇ )အားသင်ကြားစဉ် ကျား/မ ခွဲခြား သင်ကြားရမည်။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် အကြောင်းအရာများ ဆွေးနွေးရာတွင် စိတ်ငြိမ်ငြိမ်ထားပြီး စိတ်လှုပ်ရှားမှုမရှိစေဘဲ ဆွေးနွေးရမည်။

# အခန်း (၉) ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ကလေးသူငယ်ကာကွယ်ခြင်း

## ရည်ရွယ်ချက်

ဤအခန်းသည် ပူပန်သောကရောက်နေသောကလေးများကို ကာကွယ်ခြင်းနှင့်ဖြေရှင်းပေးခြင်းအတွက် ဂေါလ်ဗီရှင်လမ်းညွှန်ချက်၏ အကြံပြု ထောက်ခံချက်အပေါ်တွင် မှီ၍ ရေးဆွဲထားသည်။ ပါဝင်သူများသည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ထဲတွင် ပါဝင်သော ပူပင်သောကရောက်နေသောလူငယ်များကို မည်ကဲ့သို့ ဖြေရှင်းပေးရမည် ဆိုတာကို သင်ယူရမည်ဖြစ်ပြီး ဂေါလ်ဗီရှင်ကလေးသူငယ်ကာကွယ်ရေးမူဝါဒ၏ အဓိကအင်္ဂါရပ်များကို မိတ်ဆက်တွေ့ကြုံရမည် ဖြစ်သည်။ သို့သော် ဤအခန်းသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအားလုံး ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ကိုယ့်သဘောအလျောက် လုပ်ဆောင်သူအဖြစ် မစတင်မီ လက်မှတ်ရေးထိုးရန်လိုအပ်သည့် ကလေးသူငယ်ကာကွယ်ရေး မူဝါဒအတွက် အစားထိုးရန် ပုံစံထုတ်ထားခြင်း မဟုတ်ပေ။

## အချိန်

မိနစ် ၆၀

## အထောက်အပံ့များ

- ပါဝင်သူ တစ်ဦးစီအတွက် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) တစ်ခုစီ

## ပါဝင်သူများ

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တစ်ခုစီအတွက် လူကြီး ဦးဆောင်သူ ၂ ဦးမှ ၃ ဦး

## ဦးဆောင်သူများ

လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းမှကျွမ်းကျင်သောလမ်းပြသင်တန်းကို တက်ရောက်ထားသော WV နယ်မြေခံ ဝန်ထမ်း

## ညွှန်ကြားချက်

### ပူပင်သောကရောက်နေသော ကလေးသူငယ်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်း

ဤသင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)တွင် ဆွေးနွေးထားသော ထိခိုက်ပွန်းရှလွယ်သော အကြောင်းကိစ္စရပ်များသည် လူငယ်ပါဝင်သူများကို စိတ်ကသိကအောင့် ဖြစ်လာနိုင်သည်ဆိုတာကို ရှင်းပြထားပါ။ အကယ်၍ ဤအခန်းလုပ်ဆောင်စဉ်အတွင်းလူငယ်တစ်ယောက်သည် စတင်၍ ငိုကြွေးခဲ့လျှင်၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် လူငယ်ကို လှောင်ပြောင်ခြင်း သို့မဟုတ် လူငယ်ကို ရပ်နိုင်းခြင်းမျိုးမလုပ်သင့်ပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် ပါဝင်သူကို သူ သို့မဟုတ် သူမသည် ဘာ့ကြောင့်ငိုနေတာလဲဟု မမေးသင့်ပေ။ သို့သော် လူငယ် ငိုနေတာကို ရိုးရှင်းစွာပင် ခွင့်ပြုထားသင့်သည်။ အကယ်၍ သင့်လျော်သည်ဟု ခံစားမိပါက ဦးဆောင်သူသည် လူငယ်ကို လက်ဖြင့် ပုခုံးပေါ်တင်၍ သို့မဟုတ် အခြားတစ်ယောက်ကို ထိုကဲ့သို့ ပြုလုပ်နိုင်းခြင်းဖြင့် နှစ်သိမ့်ပေးသင့်သည်။

၇ ၄င်းကို ဂေါလ်ဗီရှင်ဝန်ထမ်းအတွက် https://www.wvcentral.org/community/cwbr/Documents_03/CPA Project Model/Life Skills and Resilience Resources/Preventing and Responding to Distress in Child Participation 24 Jan.doc. တွင် ရရှိနိုင်သည်။

အကယ်၍ လူငယ်ပါဝင်သူသည် သူ သို့မဟုတ် သူမ စိတ်ကသိကအောင့်ဖြစ်မှုကြောင့် သင်ခန်းစာအလယ်တွင် အခန်းမှ ထွက်ခွာခွင့်တောင်းခံခဲ့ပါက ပါဝင်သူကို ထွက်ခွာခွင့်ပေးပြီး သူ သို့မဟုတ် သူမကို နောက်မှပြန်လည်ခေါ်ယူသင့်သည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ခေါင်းဆောင်သူအနေဖြင့် သင့်ရဲ့အလုပ်ကာလတွင် လူငယ်ပါဝင်သူသည် သူ သို့မဟုတ် သူမ သည် ငယ်စဉ်ကလေးဘဝက အနိုင်ကျင့်ခံရခြင်းမျိုးကို ထုတ်ဖော်ရတာမျိုး ဖြစ်တတ်ကြောင်းကိုရှင်းပြပါ။ အကယ်၍ ဤကဲ့သို့ ဖြစ်ခဲ့ပါက ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ခေါင်းဆောင်သူသည် အရေးယူဆောင်ရွက်မှု ပြုလုပ်ရန် လိုအပ်သည်။

ကလေးသူငယ်ညှင်းပန်းနှိပ်စက်ခြင်းကို မည်သည့်အချိန်တွင်မဆို ကလေးငယ်တစ်ယောက်သည် လူကြီးလူတစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှုကို ဆိုလိုသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ခေါင်းဆောင်သူ သည် ထိုအရာကို ရှာဖွေနိုင်သည်။

- လူငယ်တစ်ဦးသည် အခန်းထဲတွင် ခေါင်းစဉ်တစ်ခုကြောင့် ဝမ်းနည်းမှုဖြစ်လာပြီး နောက်ပိုင်းတွင် သူ သို့မဟုတ် သူမကို လူကြီးတစ်ယောက်က ညှင်းပန်းနှိပ်စက်ကြောင်း ယုံကြည်စွာ ဖွင့်ဟပြောလာသည်။
- လူငယ်က သူ သို့မဟုတ် သူမကို လူကြီးတစ်ယောက်က ညှင်းပန်းနှိပ်စက်နေကြောင်း ဝန်ခံသည် ( ဤသည်ကို လူငယ် သည် ခေါင်းဆောင်သူကို စတင်ယုံကြည်လာပြီဟု မြင်နိုင်သည်)
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ခေါင်းဆောင်သူသည် လူကြီးတစ်ယောက်၏ ညှင်းပန်းနှိပ်စက်ခြင်းခံရသော လူငယ်၏ သက်သေဖြစ်လာနိုင်သည်။

မည်သည့်အချိန်တွင်ဖြစ်စေ လူငယ်တစ်ယောက်ပြောကြားသည့် သူ သို့မဟုတ် သူမသည် ညှင်းပန်းနှိပ်စက်ခံနေရသည် ဆို သည်ကို ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ခေါင်းဆောင်သူသည် လေးလေးနက်နက် နားထောင်သင့်သည်ဆိုသည်ကို ရှင်းပြပါ။ အကယ်၍ သင်သည် လူငယ်က လိမ်လည်ပြောဆိုနေသည်ဟုထင်သည့်တိုင်အောင် လူငယ်၏ ဇာတ်လမ်း သို့မဟုတ် သရုပ် ဆောင်မှုကို မျက်ကွယ်မပြုပါနှင့်။ လူငယ်သည် ညှင်းပန်းနှိပ်စက်သည့်အကြောင်း လိမ်လည်ခဲ့သည်။ သို့သော် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ခေါင်းဆောင်သူသည် လုပ်ဆောင်ချက်များကို တစ်ဦးတည်းလုပ်ဆောင်ခြင်း သို့မဟုတ် စိတ်လိုက်မာန်ပါလုပ် ဆောင်ခြင်းမျိုး မလုပ်သင့်ပါ။ လူငယ်တစ်ယောက် ညှင်းပန်းခံရကြောင်းပြောဆိုသည့် မည်သည့်အချိန်တွင်မဆို၊ ကျွမ်းကျင် သောလမ်းပြလူငယ်အဖွဲ့ခေါင်းဆောင်သူသည် နောက်ဆက်တွဲ (ခ)အဖြစ်သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)ထဲတွင် ပါဝင်သော ဝေါလ်ဗီရှင် နယ်မြေခံရုံး၏ ဖြေရှင်းလုပ်ဆောင်ချက် အစီအစဉ်အတိုင်းသာ လိုက်နာသင့်သည်။

## ကလေးသူငယ် ကာကွယ်ရေး လမ်းညွှန်ချက်များ

ဤအခန်းသည် ၂၀၁၂ နိုဝင်ဘာထုတ် ကလေးသူငယ် ကာကွယ်ရေးအဆင့်အတန်းများ၏ ကိရိယာတန်ဆာပလာများအတွက် ဝေါလ်ဗီရှင် လမ်းညွှန်ချက်များအပေါ်တွင် အခြေပြုထားသည်။

လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ခေါင်းဆောင်သူများသည် သူတို့၏နိုင်ငံတွင် ဝေါလ်ဗီရှင်ကလေးသူငယ် အကာအကွယ် ပေးရေးမူဝါဒကို လက်မှတ်ထိုးထားရန် လိုအပ်ကြောင်း ရှင်းပြပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ခေါင်းဆောင်သူများသည် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) ၏  နောက်ဆက်တွဲဖြစ်သော ကလေးသူငယ်အကာအကွယ်ပေးရေးမူဝါဒကိုဂရုတစိုက် ဖတ်ထားရန်လိုအပ်ပြီး ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ခေါင်းဆောင်သူများ၏ မျှော်မှန်းထားချက်များကို သူတို့ သေချာစွာ နားလည်ထားရမည်။

ဤအခန်းသည် ကလေးသူငယ်အကာအကွယ်ပေးရေးမူဝါဒတွင် အဓိကကျသော အချို့ကိစ္စရပ်များနှင့် ၎င်းတို့သည် ကျွမ်းကျင် သောလမ်းပြလူငယ်အဖွဲ့အတွက် မည်မျှအဓိပ္ပာယ်ရှိသည်ဆိုတာကို ရှင်းပြထားသည်။

ဝေါလ်ဗီရှင်သည် အသက် ၁၈ နှစ်အောက် မည်သူ့ကိုမဆို ကလေးငယ်များဟုသတ်မှတ်ထားပြီး ၎င်းအတွက် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ပါဝင်သူများအားလုံးသည် ကလေးငယ်များ ဖြစ်ကြသည် ဆိုတာကို ရှင်းပြပါ။

၈ ဤအရာကို ဝေါလ်ဗီရှင် ဝန်ထမ်းအတွက် https://www.wvcentral.org/visionfund/Internal Resources/Guidelines for Implementation of Child Protection Standards.doc တွင် ရရှိနိုင်သည်။

## လူငယ်နှင့် ရုပ်ပိုင်းဆိုင်ရာထိတွေ့မှု လျှော့ချခြင်း

ရုပ်ပိုင်းဆိုင်ရာထိတွေ့မှုဆိုသည်မှာ မည်သည့်အချိန်တွင်မဆို ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူတစ်ယောက်သည် လူငယ်တစ်ယောက်ကို ထိတွေ့သည်ကို ဆိုလိုကြောင်း ရှင်းပြပါ။ ဂေါလ်ဗီရှင်က ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် 'လူငယ်နှင့်ရုပ်ပိုင်းဆိုင်ရာထိတွေ့မှုအားလုံးသည် နေရာဒေသအရ သင့်လျော်မှုရှိကြောင်း သေချာစေသင့်သည်' ဟု ပြောကြားသည်။ ရုပ်ပိုင်းဆိုင်ရာထိတွေ့မှုအားလုံးသည် ဆိုးရွားနေခြင်းမဟုတ်ပေ။ ဥပမာအားဖြင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူတစ်ယောက်သည် လူငယ်ကို ဖြေသိမ့်ပေးရန် သူ၏လက်ကို လူငယ့်ပုခုံးပေါ် တင်ခြင်းသည် လက်ခံနိုင်သော ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မှုပုံစံဖြစ်သည်။ သို့သော် လိင်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာထိတွေ့မှု နှစ်ခုလုံးသည် ရုပ်ပိုင်းဆိုင်ရာထိတွေ့မှု ပါဝင်သဖြင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် သူတို့ လူငယ်တစ်ယောက်ကိုထိလိုက်သည့် အချိန်တိုင်းတွင် သတိရှိနေသင့်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ထဲမှ လူငယ်ပါဝင်သူများသည် အသက်အားဖြင့် ၁၂ နှစ် မှ ၁၇ နှစ်ထိ ဖြစ်ကြသည်။ သူတို့သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအတွက် သူတို့ကိုပွေ့ဖက်ခြင်း သို့မဟုတ် နမ်းရှုံ့ခြင်း ပြုလုပ်ရန် မသင့်လျော်တော့သော အရွယ်များဖြစ်ကြသည်။ နားလည်မှုလွဲမှားခြင်း သို့မဟုတ်ညှင်းပမ်းနှိပ်စက်သည်ဟု စွပ်စွဲခြင်းမျိုးမှကာကွယ်ရန်အတွက် ဂေါလ်ဗီရှင်သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများကို လူငယ်ပါဝင်သူများနှင့်ရုပ်ပိုင်းဆိုင်ရာထိတွေ့မှုနည်းပါးစေရန် အကြံပြုထားကြောင်း ရှင်းပြပါ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် 'လူငယ်၏ အပြုအမူများကို ထိန်းကျောင်းရန် အပြုသဘောဆောင်သော မကြမ်းတမ်းသောနည်းလမ်းများကို အသုံးပြုသင့်' သည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် 'ရှက်ဖွယ်ကောင်းသည့် သို့မဟုတ် အရှက်ကွဲစေမည့် သို့မဟုတ် သေးသိမ်စေမည့် သို့မဟုတ် သိက္ခာကျစေမည့် ဘာသာစကားမျိုးကို' အသုံးမပြုသင့်ပေ။

အကယ်၍ လူငယ်တစ်ယောက်သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူတစ်ယောက်ကို ဦးတည်ပြီး လိင်ပိုင်းဆိုင်ရာ မသင့်လျော်သောအပြုအမူမျိုး ပြုလုပ်ခဲ့လျှင် ဦးဆောင်သူသည် လိင်ပိုင်းဆိုင်ရာအပြုအမူဖြင့် ပြန်လည်မတုန့်ပြန်သင့်ပေ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် လူငယ်နှင့်အတူ 'ယိုးမှားစွပ်စွဲခံရမည့် သို့မဟုတ် ထိခိုက်ပွန်းရှလွယ်သည့် နေရာမျိုးတွင်နေခြင်းကို' ရှောင်ကျဉ်သင့်သည်။ ဦးဆောင်သူသည် ထိုနေ့တွင်ပင် ဖြစ်စဉ်ကိုဖော်ပြရန်နှင့် မည်ကဲ့သို့ ဖြေရှင်းရမည်ဆိုတာကို ဆွေးနွေးရန် သူ သို့မဟုတ် သူမ၏ကြီးကြပ်သူကို ခေါ်ဆိုသင့်သည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် လူငယ်နှင့်အချစ်ဇာတ်လမ်းဆန်သော သို့မဟုတ် လိင်ပိုင်းဆိုင်ရာဆက်ဆံမှုမျိုး မရှိရပေ။ မည်သည့် မတော်မလျော်ဖြစ်ခြင်းမှမဆို ကာကွယ်ရန်အတွက် သူတို့သည် လူငယ်နှင့် မုန့်ထွက်စားကြခြင်း သို့မဟုတ် အခြားသောလူမှုရေးအကြောင်းရပ်များအတွက် အပြင်သို့မထွက်သင့်ပေ။ လူငယ်ပါဝင်သူများအားလုံးနှင့် အခြားသော လူကြီးများပါဝင်သည့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှ စပွန်ဆာပေးသည့် တရားဝင်ကိစ္စရပ်များတွင်တော့ ဤစည်းကမ်းသည် အကျုံးမဝင်ပေ။

## လူငယ်နှင့် တစ်ယောက်တည်း မနေရပါ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် ဖြစ်နိုင်ချေရှိပြီး လက်တွေ့ကြသောနေရာတွင် အလုပ်လုပ်ဆောင်နေစဉ် လူကြီးနှစ်ယောက်စည်းမျဉ်းကို လိုက်နာသင့်သည်။ လူငယ်များပါဝင်သောလုပ်ဆောင်မှုအားလုံးကို နှစ်ယောက် သို့မဟုတ် ပိုမိုသော လူကြီးများက စောင့်ကြပ်နေသည့်နေရာတွင် မြင်သာပြီး အချိန်ပြည့်တည်ရှိနေရမည်။ Toolkit(သင်ရိုးညွှန်းတမ်း စာအုပ်) ထဲတွင် ဂေါလ်ဗီရှင်က ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပြီးနောက် ပါဝင်သူများ စကားပြောဆိုလိုသော ကိစ္စရပ်များတွင် ဦးဆောင်သူများကို နောက်ကွယ်မှ ရပ်တည်ဖို့ အားပေးသည်။ သို့သော် အရေးကြီးသည်မှာ အခန်းထဲတွင် နောက်ထပ်လူကြီးတစ်ယောက်ရှိနေရမည် သို့မဟုတ် ၎င်းတို့သည် တံခါးအပြင်ဖက် ဖြတ်သွားဖြတ်လာသူများမြင်တွေ့နိုင်သည့် မြင်ကွင်းရှင်းသည့်နေရာမျိုးတွင် ထိုင်နေသင့်သည်။ ဤအရာသည် လူငယ်များကို အကာအကွယ်ပေးခြင်းဖြစ်သည်။ သို့သော် ၎င်းသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူကို မသင့်လျော်သောအပြုအမူများကြောင့် လွဲမှားစွာ စွပ်စွဲခံရခြင်းမှလည်း ကာကွယ်ပေးသည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လူငယ်တစ်ယောက်နှင့် အခြားလူများနှင့် အဝေးတွင် သို့မဟုတ် တံခါးများပိတ်ထားသောနောက်ကွယ်တွင် သို့မဟုတ် ချောင်ကျသောနေရာတွင် အချိန်ကြာမြင့်စွာ သို့မဟုတ် မလိုအပ်ပဲ တစ်ယောက်တည်း အချိန်ဖြုန်းခြင်းမျိုး မပြုလုပ်သင့်ပေ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လုံးဝမဖြစ်မနေအနေအထားမျိုးဖြစ်ခြင်း၊ မိဘ/အုပ်ထိန်းသူ ခွင့်ပြုချက်ရှိခြင်းနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကြီးကြပ်သူထံမှ ခွင့်ပြုချက်ရှိခြင်းမျိုးမဟုတ်ခဲ့လျှင် ဝေါလ်ဗီရှင်အလုပ်အတွက် ဖြစ်လျှင်တောင်မှ ယာဉ်တစ်စီးထဲတွင် လူငယ်တစ်ဦးနှင့်တစ်ယောက်တည်း ရှိမနေသင့်ပါ။

### တရားမဝင်သော အပြုအမူမျိုးကို သည်းမခံပါ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် အန္တရာယ်ရှိသော ရိုးရာဓလေ့လုပ်ဆောင်ချက်များ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဓလေ့ထုံးတမ်းစဉ်လာ အလွဲသုံးစားပြုလုပ်မှုတို့ အပါအဝင် တရားမဝင်သော၊ မလုံခြုံသော သို့မဟုတ် အလွဲသုံးမှု ပြုလုပ်သော လူငယ်နှင့်အတူ အပြုအမူတို့တွင် မပူးပေါင်းသင့်ပေ သို့မဟုတ် သည်းမခံသင့်ပေ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လူငယ်များအကြားတွင် မည်သည့်ပုံစံဖြင့်မဆို ဆေးသုံးစွဲခြင်းကို သည်းမခံသင့်ပေ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လူငယ်တို့နှင့် အရက်မသောက်သင့်ပေ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် ကလေးအလုပ်သမား၏မည်သည့်ပုံစံမျိုးကိုမဆို လူငယ်များကို မငှားသင့်ပေ၊ အထူးသဖြင့် သူတို့သည် လူငယ်များကို အိမ်အကူအဖြစ် မငှားသင့်ပေ။

### ဆွေးနွေးခြင်း

- ပါဝင်သူများကို ၎င်းတို့တွင် ပူပင်သောကရောက်နေသောလူငယ်ကို မည်ကဲ့သို့ဖြေရှင်းပေးရမည့်အကြောင်းနှင့် ပတ်သတ်၍ မည်သည့်မေးခွန်းများ မေးစရာရှိသလဲဟု မေးပါ။
- ပါဝင်သူများကို ၎င်းတို့တွင် ဝေါလ်ဗီရှင်တွင် ကလေးသူငယ်အကာအကွယ်ပေးရေးအကြောင်းနှင့်ပတ်သတ်၍ မည်သည့် မေးခွန်းများ မေးစရာရှိသလဲဟု မေးပါ။

### အခန်းအကျဉ်းချုပ်

- အကယ်၍ပါဝင်သူသည် အခန်းတစ်ခန်းတွင် စိတ်ကသိကအောင့် ဖြစ်ခဲ့သော် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် သူ သို့မဟုတ် သူမ ပေါ်သို့ လွှန်ကဲသောအာရုံစူးစိုက်မှုမျိုး မဖြစ်စေပဲ လူငယ်၏ စိတ်ကသိကအောင့်ဖြစ်မှုကို ခွင့်ပြုပေးရမည်၊ ပြီးနောက် အခန်းပြီးဆုံးသွားပြီးမှ ပြန်လည်ခေါ်ဆိုရမည်။
- အကယ်၍လူငယ်ပါဝင်သူသည် စိတ်ကသိကအောင့်ဖြစ်ပြီး အခန်းမှ ထွက်ခွာရန် ဆန္ဒရှိခဲ့လျှင် သူ သို့မဟုတ် သူမကို ထိုကဲ့သို့ပြုလုပ်ရန် ခွင့်ပြုပေးသင့်သည်။
- အကယ်၍ လူငယ်တစ်ယောက်က သူ သို့မဟုတ် သူမ သည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ညှင်းပမ်းနှိပ်စက်ခံနေရပါသည်ဟု သတင်းပို့ခဲ့လျှင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် ထိုနေ့အတွက် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကြီးကြပ်သူကို ခေါ်ဆိုပြီး Toolkit(သင်ရိုးညွှန်းတမ်း စာအုပ်) ထဲရှိ နောက်ဆက်တွဲ (ခ) မှ ဖြေရှင်းရန် အစီအစဉ်အတိုင်း လိုက်နာသင့်သည်။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် ဝေါလ်ဗီရှင်ကလေးသူငယ်အကာအကွယ်ပေးရေးမူဝါဒကို လက်မှတ်ရေးထိုး လိုက်နာသင့်ပြီး
  - » လူငယ်နှင့် ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မှုကို လျှော့ချသင့်သည်
  - » လူငယ်နှင့်အတူ တစ်ယောက်တည်း မနေသင့်ပေ
  - » တရားမဝင်သော အပြုအမူမျိုးကို သည်းမခံသင့်ပေ
  - » လူငယ်ကို အလုပ်လုပ်ရန် မငှားရမ်းသင့်ပေ